
ဆရာနတ်ကြီး (မိုးကုတ်)
ဘဝခြားက ကဆွဲ့ခား

# အပိုင်း ၁

ရွက်ဟောင်းတို့ ကြွေ ရွက်သစ်တို့ ဝေလေပြီ လေပြင်းလေး တစ်ချက်က ကျီစယ်သယောင် လေပူလေးများ နှင့် တိုးဝှေ့ တိုက်ခတ် သွားသည် ရွက်သစ်လေးတို့ မှာ တဝေဝေ ရင်ဘတ်ထဲက မကျေနပ်မှုများကို မျိုသိပ်ရင်းနှင့် ထိုင်နေကျ ညောင်ပင်ကြီး အောက်မှ ကောင်လေး တစ်ယောက် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး မျက်ဝန်းထဲမှ မျက်ရည်စ တချို့ကို မြေခ မသွားအောင် လက်ခုံဖြင့် ကြမ်းကြမ်း သုတ်ရင်း...

"အမေရေ ... သားကို ထားခဲ့ပြီး ဘာလို့ အစောကြီး သားနားက ထွက်သွား ရတာလဲဗျာ"

စိတ်ထဲမှ တီးတိုး ရေရွတ်ရင်း ထိုကောင်လေး နာမည်က ချစ်တေဇ မိဘမျိုးရိုးတွေက အမေဘက်က မျိုးကြီးရိုးကြီးဗျ နာမည်က သူဇာနွယ် မိဘတွေက ရွှေကုန်သည် တွေ ဆိုင်ခန်းတွေနဲ့ ယာတွေပါ ပိုင်ဆိုင်ထားကြတယ်ဗျ။ ချစ်တေဇ အဖေကတော့ တောင်သူ မျိုးရိုးပဲဗျို့။ နာမည်ကတော့ ချစ်ဆွေတဲ့ အလုပ်လည်း ရှယ်ကြိုးစားတဲ့ သူပေါ့။ နတ်ဖူးစာ ဆိုတာ ခင်ဗျားတို့ ယုံကြလား။ နဖူးစာရွာလည် ဆိုသလိုပဲ ချစ်ဆွေနဲ့ သူဇာနွယ်တို့ ပေါင်းဖက် ခဲ့ကြတယ် မိသားဖသား ပီပီတော့ မဟုတ်ဘူးဗျ။ ခိုးပြေးကြတာ သူဇာနွယ်ရဲ့ မိဘတွေက ချစ်ဆွေကို သဘောမကျတာ မဟုတ်ဘူးဗျ။

ချစ်ဆွေက လူကောင်းလေး အလုပ်ကြိုးစားသလို အမေအိုကြီးကို ပြုစု လုပ်ကျွေး နေတဲ့ ကောင်လေး တစ်ယောက် အသောက်အစား လည်း ကင်းတယ်။ မတော်လို့ ထန်းရည်ဝိုင်း အားနာနာနဲ့ ထိုင်ခဲ့ရင် တောင် အမြည်းစားတဲ့ သူမျိုး ဘာသာရေး လေးလည်း အမေကြီးနဲ့ အတူတူ ကျောင်းသွားကျောင်းပြန်လေး ရှိတယ်ဆိုတော့ သူဇာနွယ့် မိဘတွေ မျက်စိ ကျတာပေါ့ဗျာ။ ဒါပေမဲ့ ကံတရားက အကြောင်းဖန် လာတော့လည်း ချစ်ဆွေ တစ်ယောက် အမေ့ မေတ္တာတွေနဲ့ ကျေးဇူးတွေ ပြည့်ဝအောင် မဆပ်လိုက်ရဘူး။ ချစ်ဆွေ အမေက လူကြီးရောဂါနဲ့ လောကကြီးက ထွက်ခွာသွား ခဲ့ရတယ်။ ချစ်ဆွေ တစ်ယောက်တည်း အမေ့ ရက်လည်ဆွမ်း ကိစ္စကို ပြီးစီးအောင် လုပ်လိုက်ရတယ်။ ဆွေမျိုးတွေက တစ်ဖက်တစ်လမ်း ကတော့ ကူညီကြတာပေါ့ဗျာ။ မိဘမဲ့ ဖြစ်သွားတဲ့ ချစ်ဆွေမှာ ငယ်ကတည်းက ပြိုင်ဘက် တစ်ယောက် ရှိတယ်ဗျ။ သူက အခြားသူ မဟုတ်ဘူး ချစ်ဆွေတို့ ရဲ့ ရွာသူကြီးသား ရဲနေဝင်းတဲ့ ။ ငယ်ငယ်လေး ကတည်းက ဘကကျောင်းမှာ စာပြိုင်ဘက်တွေ အရွယ် ရောက်လာတော့လည်း ချစ်သူလုဖို့ က အကြောင်း ဖြစ်လာတာပဲဗျ။ ရဲနေဝင်းက သူကြီးသားဆိုပြီး မိုလ်ကျချင်တယ်ဗျ။ အကျင့်ကလည်း ငယ်တုန်းက မဆိုသာပေမဲ့ ကြီးလာတဲ့ အချိန်ရောက်တော့ ဇာတိက ပြပြလာပြီ။ သူ့အဖေ ဂုဏ်သိက္ခာ အမှီပြုပြီး လူလည် မိုလ်ကျတယ် ဆိုပါတော့ဗျာ။ အခုလည်း သူဇာနွယ်တို့ က ရွာပြောင်း လာပြီး ယာအတွက် လိုအပ်တာ လာကြည့်တဲ့ ချိန် ချစ်ဆွေက အလုပ်သမား ပေါ့ဗျာ။ အဲဒီလိုနဲ့ လူငယ်ဘဝ ချစ်ဆွေတို့ က ရည်ငံ ခဲ့ကြတယ်ဗျ။ သူဇာနွယ် မိဘတွေက သိပေမဲ့ ချစ်ဆွေကို အပြစ်မပြောဘူးဗျ။ မိဘတွေ ဘက်ကလည်း သမီးလေး ရှေ့ရေးအတွက် ချစ်ဆွေက တင့်တောင့်တင့်တယ် ထားနိုင်တဲ့ အချိန်ထိ စောင့်မျှော် နေတာပေါ့ဗျာ။

"တောက် လူပါးဝလို့ ကွာ"

"ဟာ အာစရိ ဘာဖြစ်တာလဲဗျ။ ဘယ်ကောင်လဲ။ ကျွန်တော်တို့ ရှင်းပေးမယ်"

"ဘယ်ကောင် ရှိရမှာ လဲ။ ဟိုကောင် ချစ်ဆွေပေါ့ကွာ အနူလက်နဲ့ ဆွှေခွက်နှိုက်တယ် ဆိုတာ ဒါမျိုးပေါ့"

"ဟုတ်တယ် သားရေပေါ်အိပ် သားရေသားစားတဲ့ ကောင်ဗျ"

"အာစရိ ဘာဖြစ်ချင်တာလဲ။ ရှင်းပေးရမလား"

"နေပါဦးကွာ မင်းကလည်း အားနေ ဒီရှင်းလိုက်ရ မလားပဲ ပြောနေတာ"

"ဟုတ် ဟုတ် မသိလို့ ပါ ကျွန်တော်တို့ က အာစရိ အတွက်ဆို အဆင်သင့် ရှိပြီးသားပါဗျ"

"နေဦး ငါ စဉ်းစားဦးမယ်"

ရဲနေဝင်းတို့ မှာ ညနေ ညီအစ်ကို မသိတသိ အချိန်ဆို ရွာစွန် ထန်းတောထဲတွင် မူးနေကျ ဖြစ်သည် ။ ချစ်ဆွေအား အကောက်ကြံကာ သူဇာနွယ်၏ အချစ်ကိုရရန် စဉ်းစားနေခြင်း ဖြစ်သည် ။ သူ၏ တပည့်များဖြစ်သော သာလှ၊ ပေစိနှင့် ငဆွေတို့ မှာ ရွာထဲမှ လက်ရဲဇက်ရဲ ရှိသူများ ပီပီ ရဲနေဝင်း၏ အာဏာအောက်တွင် သခင်အားရ လူပါးဝသူများ ဆိုလည်း မမှားပေ။ ရဲနေဝင်း၏ နှုတ်ခမ်းထောင့်မှ အေးစက်စွာ ပြုံးလိုက်သော အပြုံး၌ ကား ရက်စက်မှုတို့ ခိုအောင်း နေလေ၏။

သူဇာနွယ် မိဘတွေ စောင့်မျှော်နေတဲ့ အချိန်ထိကို မရောက်လိုက် ပါဘူးဗျာ။ ဘာလို့ လဲဆို ...

"ယောကျ်ားရေ ကျွန်မ လည်ဆွဲလေးရော"

"ဘယ်လည်ဆွဲလဲဟ"

"အိုတော် ကျွန်မတို့ သမီးလေးအတွက် တိုင်ပင်ထားတဲ့ ဘိုးဘွားပိုင် ပတ္တမြား လည်ဆွဲလေးလေတော်"

"အေးအေး ငါသိပြီ မိန်းမပဲ ဟိုနေ့က သေတ္တာထဲ ထည့်သိမ်း ထားမယ်ဆို"

"အဲဒီတုန်းက ပြောပြီး သိမ်းလိုက်တာ ပဲတော့ ခုရှာတာ မတွေ့တော့ဘူး"

"ဟေ သေချာ ပြန်ရှာ ကြည့်ပါဦးဟ။ မင်းဟာက ဟုတ်ကလား"

"သေချာပါတယ်တော် ကျုပ် သေချာ သိမ်းထားတဲ့ ဟာပဲ"

လည်ဆွဲက ဈေးကြီးဆိုသလို ဘိုးဘွားပိုင် ပစ္စည်းမို့ အပူတပြင်း ရှာကြသည် ။ သို့သော်လည်း ပတ္တမြား လည်ဆွဲ ဖြစ်နေသည့် အတွက် ကောက်ရသူတော့ မရှိနိုင်။ အသေအချာ ခိုးယူသွားတာပင် ဖြစ်နိုင်သည် ။ ထို့ကြောင့် လည်း အိမ်ဝင် အိမ်ထွက် ရှိသော ချစ်ဆွေအဖို့ ဒုက္ခရောက်ရတော့သည် ။ သူဇာနှွယ် မိဘများက ပြောရန် အားနာ နေသော်လည်း လည်ဆွဲ ပျောက်သည့် ကိစ္စက တစ်ရွာလုံး ဟိုးလေးတကျော် ဖြစ်နေခဲ့လေပြီ။ သူကြီးက စုံစမ်းရန် လုံးပန်း နေသော်လည်း ရဲနေဝင်းက ချစ်ဆွေအား စွပ်စွဲကာ ချောက်တွန်း တော့သည် ။ ချစ်ဆွေက မဟုတ်ဘူး ငြင်းသော်လည်း တစ်ရွာလုံးနှင့် တစ်ယောက် ဖြစ်နေသော အခါ၌ ကား ...

"ကို စိတ်ဆင်းရဲ ဖြစ်နေတာ နှွယ် မကြည့်ရက်ဘူး"

"နှွယ်ရယ် ကိုယ့်အကြောင်းလည်း နှွယ် သိတာပဲ"

"နွယ် သိပါတယ် ခုလိုပုံစံနဲ့ ဆိုရင်တော့ နွယ်တို့ ရှေ့ရေးက မသာယာနိုင်ဘူးကို နွယ်ဘယ်နည်းနဲ့ မှ ကိုနဲ့ မခွဲဘူး"

"ကိုလည်း တူတူပါပဲ နွယ်ရယ်"

"ဒါ သွေးရိုးသားရိုး မဟုတ်ဘူး ကိုရဲနေဝင်း နွယ့်ကို လာပြီး ရစ်သီရစ်သီ လုပ်နေတာ သူ့နောက်ပါတွေနဲ့ "

"နွယ် ဂရုစိုက်ပါ"

"ဟုတ်ကဲ့ပါ ကိုလည်း သတိ ဝီရိယနဲ့ နေဦးနော်"

ချစ်သူနှစ်ဦး ကြည်နူးချိန် ကြာကြာ မရှိလိုက်။ ချစ်ဆွေအား သူကြီးက ခေါ်ကာ အပြစ်ပေးတော့သည် ။ သူကြီး ဆိုတာထက် ရဲနေဝင်း၏ ချောက်တွန်းမှုကြောင့် ဖြစ်သည် ။

"ချစ်ဆွေ မင်းကွာ ပြောင်းလာတာမှ မကြာသေးတဲ့ မိသားစုလေး အပေါ် မင်းမို့လို့ လုပ်ရက်တယ်"

"ဟော့ကောင် ရဲနေဝင်း မင်းမသိဘဲနဲ့ ငါ့ကို မပြောပါနဲ့ လား"

"ဘာလဲ အနာပေါ် တုတ်ကျသွားလို့ နာသွားတာလား"

"မဆိုင်တာတွေ မပြောစမ်းပါနဲ့ ကွာ"

"ကဲ ဒီက ငါ့တူလေး ချစ်ဆွေ မင်းကို ဦးလေး ပြောမယ်။ သူများပစ္စည်း ယူထားရင်လည်း ပြန်ပေး လိုက်ပါကွာ"

"ဦးလေး ကျွန်တော် မယူဘူး ကိုယ့်လိပ်ပြာ ကိုယ်လုံတယ်"

"ဒါတော့ ဒါပေါ့ ငါ့တူရာ ... ခုဟာက"

"မင်းတူ ရှေ့ကနေ ကာမနေနဲ့ ချစ်ဆွေ မင်းလုပ်ရက်ကြောင့် ရွာမျက်နှာ ပျက်ရတယ်ကွ"

"သူကြီးကလည်း ဗျာ ကျွန်တော် တကယ် မခိုးပါဘူးဗျ"

"အဲဒါက မင်းကိစ္စ မနက်ဖြန် မြို့က ရဲတွေ လာလိမ့်မယ်။ အဲဒီအခါကျ ကိုယ်တော်ချော လိုက်သွားပေတော့။ ငါလည်း မတတ်နိုင်ဘူး"

ချစ်ဆွေအား ရွာမှ ပျောက်သွားရန် အကြံအစည်ပင် ဖြစ်သည် ။ သို့သော် သူတို့ အကြံ အထမမြောက် လိုက်ပါ။ ချစ်ဆွေနှင့် သူဇာနွယ်တို့ အဲဒီညကပင် ခိုးပြေး သွားကြသည် ။

***